DEFEND MYANMAR DEMOCRACY

**MEDIA RELEASE**
**26.07.2024**

# အထွေထွေအတွင်းရေးမှူး၏ ရက်သတ္တပတ်ကြာ ခရီးစဉ်အတွင်း BIMSTEC ၏ ဒေသတွင်းလုံခြုံရေး ဆိုင်ရာဦးဆောင်မှုများ စစ်အုပ်စုထံ လွှဲအပ်မှုကို DEFEND MYANMAR DEMOCRACY ရှုတ်ချ

စစ်အုပ်စုသည် မြန်မာပြည်သူများအပေါ် အကြမ်းဖက်စစ်ရေးဆင်နေသော်လည်း BIMSTEC အဖွဲ့အစည်း၏ အထွေထွေအတွင်းရေးမှူးသစ်သည် "မိတ်ဆက်ခရီးစဉ်" အဖြစ်လည်းကောင်း၊ စစ်အုပ်စုက ကျင်းပသည့် ဒေသတွင်း လုံခြုံရေးဆိုင်ရာအစည်းအဝေးသို့ တက်ရောက်ရန်အတွက်လည်းကောင်း ယခု သီတင်းပတ်အတွင်း မြန်မာနိုင်ငံတွင် ရှိနေပါသည်။

အထွေထွေအတွင်းရေးမှူးနှင့် BIMSTEC အဖွဲ့ဝင်နိုင်ငံမှ လုံခြုံရေးအရာရှိများသည် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ရှိသော စစ်အုပ်စု ခေါင်းဆောင် မင်းအောင်လှိုင်နှင့် တွေ့ဆုံခဲ့ပြီး တရားမဝင် စစ်အုပ်စုကို BIMSTEC ၏ မြန်မာနိုင်ငံ ကိုယ်စားပြုသူအဖြစ် တရားဝင်ဖြစ်စေရန် ကူညီပေးနေသည်။

ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပသည့် BIMSTEC အမျိုးသားလုံခြုံရေး အကြီးအကဲများ၏ (၄) ကြိမ်မြောက်အစည်းအဝေးကို စစ်အုပ်စုက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ ဤသည်မှာ BIMSTEC သည် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ အတွက် အပြစ်ပေး အရေးယူခံရမှုမရှိပဲ ဆက်လက်ကျူးလွန်နေသည့် စစ်အုပ်စုအား ဒေသတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ညှိနှိုင်းဆောင်ရွက်ရန် ခွင့်ပြုပေးသည့် သဘော သက်ရောက်သည်။

**MEDIA RELEASE**
**26.07.2024**

DEFEND MYANMAR DEMOCRACY

Defend Myanmar Democracy သည် BIMSTEC အထွေထွေအတွင်းရေးမှူး ထံသို့ ၎င်း၏ခရီးစဉ်မတိုင်မီ စာရေးသား ပေးပို့ခဲ့ပြီး၊ ၎င်းအနေဖြင့် မြန်မာနိုင်ငံ၏ ရွေးကောက်တင်မြှောက်ထားသည့် ခေါင်းဆောင်များနှင့် တွေ့ဆုံရန်၊ စစ်အုပ်စုနှင့် အစည်းအဝေးများအား ဖျက်သိမ်းရန်နှင့် BIMSTEC အစည်းအဝေးအားလုံးမှ စစ်အုပ်စုအား ပိတ်ပင်ရန်တို့ကို တောင်းဆိုခဲ့သော်လည်း အကြောင်းတစုံတရာ ပြန်ကြားခဲ့ခြင်းမရှိပေ။

ဇူလိုင်လ ၂၁ ရက်နေ့မှ ၂၇ ရက်နေ့အထိ စီစဉ်ထားသည့် အထွေထွေအတွင်းရေးမှူး၏ ခရီးစဉ်ကို တွစ်တာတွင် လည်းကောင်း၊ မေလထုတ် BIMSTEC သတင်းလွှာတွင် လည်းကောင်း ကြေညာခဲ့သည်။

အထွေထွေအတွင်းရေးမှူး၏ ယခုရက်သတ္တပတ်ခရီးစဉ်၏ အစီအစဉ်များကို ထုတ်ပြန်ထားခြင်း မရှိသော်လည်း တွစ်တာပို့စ်တွင် ခရီးစဉ်အား "မိတ်ဆက်ခရီးစဉ်" အဖြစ် ရည်ညွှန်းထားပြီး၊ မြန်မာသည် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ လုံခြုံရေးကဏ္ဍအတွက် ပူးပေါင်းဆောင်ရွက်ရေးတွင် ဦးဆောင်နိုင်ငံအဖြစ် ဖော်ပြထားသည်ဖြစ်ရာ အဆိုပါ အကြောင်းအရာအပေါ် ဆွေးနွေးသွားဖွယ် ရှိပါသည်။
စစ်တပ်က အာဏာသိမ်းရန်ကြိုးပမ်းနေသည့် သုံးနှစ်ခွဲတာ ကာလတစ်လျှောက်လုံး BIMSTEC နှင့် မြန်မာစစ်အုပ်စုတို့အကြား ဆက်ဆံရှိနေခဲ့သည်။

မကြာမီက စစ်အုပ်စု၏ နိုင်ငံခြားရေးဝန်ကြီး သန်းဆွေသည် ဇူလိုင်လ ၁၂ ရက်နေ့တွင် ကျင်းပသည့် BIMSTEC နိုင်ငံခြား ရေးဝန်ကြီးများတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည်။

၂၀၂၂ ခုနှစ်တွင် ကျင်းပခဲ့သည့် (၅) ကြိမ်မြောက် BIMSTEC ထိပ်သီး အစည်းအဝေးသို့ ထိုစဉ်က စစ်အုပ်စု နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဝဏ္ဏမောင်လွင် တက်ရောက်ခဲ့သည်။ ယင်းအစည်းအဝေးတွင် BIMSTEC ၏ ပဋိညာဉ်ကို ပြဌာန်းခဲ့သည်။

DEFEND MYANMAR DEMOCRACY

**MEDIA RELEASE**
**26.07.2024**

ယင်းပဋိညာဉ်ကို မင်းအောင်လှိုင်က "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်" အဖြစ် မြန်မာနိုင်ငံကိုယ်စား ပြု၍ လက်မှတ်ရေးထိုးခဲ့သည်။ BIMSTEC ၏ သယ်ယူပို့ဆောင်ရေးစီမံကိန်းများနှင့် ကုန်သွယ်မှုများသည် စစ်အုပ်စု ထိန်းချုပ်ထားသည့် အဖွဲ့အစည်းများနှင့် ဆက်လက်လုပ်ဆောင်မည်လား ဆိုသည့် အပေါ် စိုးရိမ်ပူပန်မှုများလည်း ဖြစ်ပေါ်စေပြီး၊ ထိုသို့ဆက်လက်လုပ်ဆောင်သွားမည် ဆိုပါက စစ်အုပ်စုထံ ဘဏ္ဍာငွေများ လမ်းကြောင်းပြောင်းရောက်ရှိ သွားနိုင်မည့် အန္တရာယ်လည်း ရှိနေပါသည်။

အထွေထွေအတွင်းရေးမှူးအသစ်ဖြစ်သည့် အိန္ဒိယအကြီးတန်းသံအမတ်ကြီး Indra Mani Pandey သည် ၎င်း၏ သုံးနှစ်သက်တမ်းကို ဇန်နဝါရီလတွင် စတင်သည်။ ၎ င်းသည်လည်း ယခင်အထွေထွေ အတွင်းရေးမှူးများကဲ့သို့ပင် မြန်မာနိုင်ငံကိုယ်စား ပြုမှုနှင့်ပတ်သက်၍ တရားဝင်မှုမရှိသည့် နည်းလမ်းဟောင်း အတိုင်းသာ ဆက်လက် လုပ်ဆောင်နေဆဲဖြစ်သည်။

Defend Myanmar Democracy ၏ ပြောရေးဆိုခွင့်ရှိသူ နော်အောင်က "BIM-STEC အထွေထွေအတွင်းရေးမှူးက စစ်အုပ်စုနှင့် တွေ့ဆုံဖို့ မြန်မာနိုင်ငံကို ရောက်လာတယ်၊ ရာဇဝတ်အဖွဲ့အစည်းဖြစ်တဲ့ စစ်အုပ်စုကို ဒေသတွင်းလုံခြုံရေး ဆိုင်ရာကိစ္စရပ်တွေ ညှိနှိုင်းဆောင်ရွက်ရာမှာ ဦးဆောင်မှုနေရာပေးတယ်၊ ဒါဟာ မြန်မာပြည်သူတွေရဲ့ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီကိုယ်စားပြုမှုကို အလေးမထား ကြောင်း ခပ်ရှင်းရှင်းပြလိုက်တဲ့ သတင်းစကား ဖြစ်တယ်။ "

"  အကယ်၍ သူ့အနေနဲ့ မြန်မာနိုင်ငံကို နိုင်ငံကိုယ်စားပြုပြီး ဆက်ဆံချင်ရင် နေ့စဉ်နဲ့ အမျှ ပြည်သူတွေကို သတ်ဖြတ်နေတဲ့ တရားမဝင်စစ်အုပ်စုနဲ့ မတွေ့ဆုံပဲ၊  မြန်မာ ပြည်သူတွေရဲ့ ဒီမိုကရေစီအပေါ် လေးစားသောအားဖြင့် ပြည်သူတွေ ရွေးကောက် တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေနဲ့သာ တွေ့ဆုံသင့်ပါတယ်" ဟု မှတ်ချက် ပေးသည်။

DEFEND
MYANMAR
DEMOCRACY

**MEDIA RELEASE**
**26.07.2024**

BIMSTEC (ဘင်္ဂလားပင်လယ်အော်ဒေသ ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အဖွဲ့) သည် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်နေသည့် ဒေသတွင်းအစိုးရအဖွဲ့အစည်းတစ်ရပ် ဖြစ်သည်။
BIMSTEC တွင် အဖွဲ့ဝင် ခုနစ်နိုင်ငံရှိပြီး၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သည်။

ပိုမိုသိရှိရန်နှင့် မှတ်ချက်များရယူရန်
နော်အောင်
Defend Myanmar Democracy
communication@defendmyanmardemocracy.org